**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ရုံးအမှတ် ( ၃၄ )၊ နေပြည်တော်**

ဖုန်း - ၀၆၇ – ၃၄၁၀၀၅၃၊ ဖက်(စ်) - ၀၆၇– ၃၄၁၀၀၅၄၊ အီးမေးလ် – frdho34@gmail.com


စာအမှတ်၊ ငကစ/မူဝါဒ/ ( ၁၉၃၁ / ၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

အကြောင်းအရာ။ **သီရိလင်္ကာနိုင်ငံမှ အကြမ်းဖက်မှုများနှင့် ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ စာရင်းထုတ်ပြန်ခဲ့မှုအပေါ် ဖြန့်ဝေခြင်း**

ရည်ညွှန်းချက်။ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏ ၁၁–၁၁–၂၀၂၄ ရက်စွဲပါ email

၁။ အကြမ်းဖက်လုပ်ငန်းများနှင့် အကြမ်းဖက်လုပ်ငန်းများအား ငွေကြေးထောက်ပံ့မှုများ တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်များကို နိုင်ငံအဆင့်တွင် လိုက်နာအကောင်အထည်ဖော်ရန် ပြဋ္ဌာန်းထားသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းဥပဒေ (United Nations Regulations No.2 of 2012) အရ သီရိလင်္ကာနိုင်ငံအစိုးရကပြင်ဆင်ထုတ်ပြန်ခဲ့သည့် အကြမ်းဖက်မှုများနှင့်ဆက်နွယ်မှုရှိသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများစာရင်းအား ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့မှ ရည်ညွှန်းပါစာဖြင့် ဖြန့်ဝေလာမှုအပေါ် သိရှိနိုင်ပါရန် ဆက်လက်ဖြန့်ဝေ ပေးပို့ပါသည်။

၂။ သို့ဖြစ်ပါ၍ သတင်းပို့အဖွဲ့အစည်းများဖြစ်သည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အာမခံကုမ္ပဏီများအားလုံးအနေဖြင့် မိမိတို့ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် အဆိုပါ အကြမ်းဖက်မှုများနှင့် ဆက်နွယ်မှုရှိသည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှု ရှိ/မရှိ အလေးထား စိစစ်ရန်နှင့် ပတ်သက်ဆက်နွယ်မှုရှိကြောင်း တွေ့ရှိပါက ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ မူဝါဒ၊ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့တင်ပြရန်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၃။ ဤအကြောင်းကြားစာ လက်ခံရရှိကြောင်း သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများမှတစ်ဆင့် မပျက်မကွက် ပြန်ကြားရန်ဖြစ်သည်။

၁၈.၁၁.၂၀၂၄

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ အာမခံလုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ညွှန်ကြားရေးမှူး၊ အထက်မြန်မာပြည်/အောက်မြန်မာပြည် ကြီးကြပ်စစ်ဆေးရေးရုံး၊
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များအားကြီးကြပ်၍ စုစည်းပေးပို့နိုင်ပါရန်)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊

ရုံးလက်ခံ

မျှောစာ